


**VOLUME II, ISSUE 14** 17 August 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer ကို လက်ခံတွေ့ဆုံ | ၆ |
| ၃ | ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး ကျန်းမာပျော်ရွှင်လျက်ရှိ | ၇ |
| ၄ | အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ် | ၈ |
| ၅ | ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် နိုင်ငံရေးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံရေးပင်စင်များ ချီးမြှင့် | ၉ |
| ၆ | မြန်မာ-ရုရှားခရီးသွားလုပ်ငန်း ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက် | ၁၀ |
| ၇ | စက်သုံးဆီနှင့်ပတ်သက်ပြီး လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလသတင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက် | ၁၁ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd CISM World Cadet Games)တွင် မြန်မာ့တပ်မတော် ဝင်ရောက်ယှဉ်ပြိုင် | ၁၃ |
| ၉ | လေးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တန်ချိန် တစ်သိန်းကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရရှိပြီးဖြစ် | ၁၅ |
| ၁၀ | ကော့ကရိတ်မြို့နယ်အတွင်း KKO ခွဲထွက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များက အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင် | ၁၅ |
| ၁၁ | မြင်းမူမြို့နယ်ရှိ PDF အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ် တစ်စီးအား မိုင်းဆွဲတိုက်ခိုက် | ၁၆ |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်လျက်ရှိသည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိ | ၁၇ |
| ၁၃ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တရားခံ ၄ ဦးအား အမိန့်ချမှတ် | ၁၉ |
| ၁၄ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၀ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဩဂုတ်လ ၁၆ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၇/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြားရာတွင်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို တွေ့ဆုံ၍ ပြီးခဲ့သည့်အပတ်အတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအစည်းအဝေးသည် ထိရောက်သည့်အစည်းအဝေး တစ်ရပ်ဖြစ်ခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးအပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ရန်ပုံငွေများကို ထုတ်ပေးခဲ့ကြောင်း။
- နိုင်ငံ၏စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုစေမည့် စပါးစိုက်ပျိုးရေးနှင့် ပဲစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိပြီး မိုးစပါးစိုက်ပျိုးရန်အတွက် အချိန်ကာလဝေးနေသေးသောကြောင့် အဆိုပါရန်ပုံငွေများကို ဆောလျင်စွာ အသုံးချနိုင်ရေးအတွက် နွေစပါးစိုက်ပျိုးရေးကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။
- အလားတူ ပဲတီစိမ်းသည်လည်း ပြည်ပသို့တင်ပို့နိုင်သည့် ဈေးကွက်များရှိခြင်းကြောင့် ပဲတီစိမ်းများ စိုက်ပျိုးနိုင်ရေးအတွက် အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးမှုကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းသည် ငွေရမြန်သည့် မတည်ငွေ(Quick Win)ဖြစ်သည့်အတွက် လာမည့်မိုးစပါးကာလတွင် နွေသီးနှံများမှ ရရှိလာမည့် အကျိုးအမြတ်များမှ မြေဩဇာများဝယ်ယူနိုင်ရေးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း။
- နွေစပါးစိုက်ပျိုးရန်လိုအပ်သည့် မြေဩဇာ၊ ရေနှင့်မျိုးများရရှိအောင် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး စိုက်ဧကတစ်ဧကလျှင် အနည်းဆုံး တင်း ၁၀၀ ထွက်ရှိ အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောက်တစ်နှစ် မိုးစပါးစိုက်ပျိုးမှုနှင့် နွေစပါးစိုက်ပျိုးမှုအတွက် စိုက်ပျိုးရေးစရိတ်များ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။
- နိုင်ငံတစ်ခု၏ စီးပွားရေးသည် နိုင်ငံရေးနှင့်ဆက်စပ်လျက်ရှိသောကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအားကောင်းမွန်ရန် လိုအပ်ကြောင်း၊ စီးပွားရေးဟုဆိုရာတွင် ထုတ်လုပ်မှုအပိုင်းနှင့် ကုန်သွယ်မှုအပိုင်းဟူ၍ နှစ်မျိုးရှိပြီး ပစ္စည်းရှိမှသာ ကုန်သွယ်မှု ပြုနိုင်မည်ဖြစ်ကြောင်း။
- ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးထွက်ကုန်များတိုးတက်အောင် ဆောင်ရွက်၍ရကြောင်း၊ ရောင်းချရန်အတွက် လိုအပ်သည့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုသည် စီးပွားရေးစက်ဝန်းတွင် များစွာအကျိုးရှိသဖြင့် ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြနေမှု**

- ထုတ်ကုန်ပစ္စည်းရှိအောင် ကြိုးပမ်း၍ ကုန်သွယ်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများထုတ်လုပ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူများအတွက်လည်း ကုန်ထုတ်လုပ်မှုများမှ အကျိုးအမြတ်များရရှိမည်ဖြစ်သကဲ့သို့ နိုင်ငံအတွက်လည်း အကျိုးရှိမည်ဖြစ်ကြောင်း။
- ထုတ်ကုန်များတိုးမြှင့်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရေအတွက်ပိုမိုထုတ်လုပ်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်းရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း။
- နိုင်ငံရေးနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုရေးနှင့် နိုင်ငံရေးကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတည်ငြိမ်လာပြီး ဆောင်ရွက်လိုသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း။
- မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်မှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံရေးရည်မှန်းချက်ကို ဖော်ဆောင်နိုင်ရန်အတွက် တစ်ဖက်မှလည်း ငြိမ်းချမ်းရေး၊ နိုင်ငံရေးတို့နှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။
- လူမှုစီးပွားနှင့်ပတ်သက်၍ အမျိုးသားရေးရည်မှန်းချက်နှစ်ခုမှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမှ တိုင်းပြည်သာယာဝပြောပြီး တည်ငြိမ်မှုရှိနိုင်မည်ဖြစ်သဖြင့် စီးပွားရေးအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်၍ တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- နိုင်ငံရေးရည်မှန်းချက်နှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးသည် ပြည်သူက ရွေးချယ်ထားတာဖြစ်၍ မိမိအနေဖြင့် ဘာမှငြင်းစရာအကြောင်းမရှိကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတွင် ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အာဏာကိုပေးထားသည့် ပြည်ထောင်စုကို သွားရမည်ဖြစ်ကြောင်း။
- မိမိအနေဖြင့် ဝန်ကြီးချုပ်များကို ဖက်ဒရယ်အာဏာသည် ၎င်းတို့တွင်ရှိနေပြီး ထိုအပေါ်တွင် လုပ်ဆောင်ကြရန် ပြောကြားခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့်လည်း လုပ်ဆောင်ကြကြောင်း၊ အချို့မှာ ပြည်ထောင်စုကပြောခြင်း၊ ဗဟိုကပြောခြင်းမဟုတ်ဘဲ ၎င်းတို့ဖာသာလုပ်နေကြောင်း၊ ရည်မှန်းချက်တွေအများကြီးရှိကြောင်း၊ မိမိကလည်း အချို့အရာများကိုသဘောကျသဖြင့် ဤအရာကောင်းသည်၊ လုပ်ပါ၊ အားပေးသည်၊ အခက်အခဲရှိလျှင် မိမိကိုပြောပါ စသည်ဖြင့် ပြောထားကြောင်း။
- မိမိတို့သည် ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အာဏာ၊ လုပ်ပိုင်ခွင့်ကိုပေးထားသည့် ပြည်ထောင်စုကို သွားရမည်၊ နိုင်ငံရေးတွင် ရည်မှန်းချက်နှစ်ခုမှာ ဒါပဲဖြစ်ကြောင်း၊ ထိုကဲ့သို့ သွားနိုင်ရန်အတွက် ငြိမ်းချမ်းရေးသည် အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးကို မိမိတို့သွားနေကြောင်း၊ နားလည်သည့်သူများကတော့ ငြိမ်းချမ်းရေးအတွက်လာကြပြီး နားမလည်သည့်သူကတော့ ဘေးကနေပြောနေကြဆဲဖြစ်ကြောင်း။
- နောက်ဆုံးဆွေးနွေးခဲ့သည့် SSPP အပါအဝင် အဖွဲ့ ၁၀ ဖွဲ့နှင့် မိမိတို့ဆွေးနွေးခဲ့ပြီး အားလုံးအောင်မြင်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်







**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြနေမှု**

အာဏာကိုပေးထားသည့် ပြည်ထောင်စုတည်ဆောက်ရေးကို လက်ခံလားမေးရာ အကုန်လက်ခံကြောင်း၊ မိမိတို့ဒုတိယအကြိမ်အဖြစ် ဩဂုတ်လထဲတွင် ပြန်တွေ့ဖို့ကြိုးစားနေကြောင်း။

- ထိုသို့ဆွေးနွေးရာတွင် အဖွဲ့ ၁၀ ဖွဲ့ လုံးကို အုပ်စုဖွဲ့ပြီး တစ်ခါဆွေးနွေး၍ စက်တင်ဘာလတွင် နောက်တစ်ခါ ၎င်းတို့နှင့် အားလုံးပြန်တွေ့မည်ဖြစ်ကြောင်း၊ ထို့နောက် လက်မှတ်ထိုးနိုင်ဖို့ကြိုးစားမည်ဖြစ်ကြောင်း၊ ထိုအတွက်တော့ ဘယ်လောက်ကြာမည်ကို မိမိအနေဖြင့် မပြောနိုင်သေးကြောင်း၊ အခြေခံသဘောတူညီချက်ရပြီး ဖြစ်သည့်အတွက်ကြောင့် မိမိတို့အနေဖြင့် မရစရာအကြောင်းမရှိဘူးလို့မြင်ကြောင်း။
- ဒါကိုဘာကြောင့် EAO တစ်ချို့အဖွဲ့တွေက နားလည်မှုမရှိနိုင်လည်းဆိုသည်ကို မတွေးတတ်ကြောင်း၊ တိုင်းရင်းသားအရေး၊ ပြည်ထောင်စုအရေးကို အမှန်တကယ် မျှော်မှန်းပါက၊ ထိုနှစ်ချက်အပေါ်မှာ အခြေခံပြီးလုပ်မည်ဆိုပါက ဘာမှမဖြစ်စရာ အကြောင်းမရှိကြောင်း၊ မိမိတို့ကိုယ်တိုင်က လိုလားပါတယ်၊ ဖြစ်ချင်ပါတယ်ဟု ပြောထားပြီးပြီဖြစ်ကြောင်း၊ ထိုအတွက် လာပြီးဆွေးနွေး၊ ထိုသို့ဆွေးနွေးပါက ဒါကတော့ဖြစ်နိုင်သည်၊ ဒါကတော့မဖြစ်နိုင်ဘူးဟု မိမိပြောမည်ဖြစ်ကြောင်း၊ မိမိတို့ဖြစ်ချင်သည့်အကြောင်းအရာများကို နှစ်ဘက်ညှိပြီးတော့ ဖြစ်သင့်တာတွေကို သဘောတူညီချက်ရအောင် ယူမည်ဖြစ်ကြောင်း။
- နိုင်ငံရေးတွင်ဆွေးနွေးအဖြေရှာခြင်းကို အားလုံးမှ လက်ခံထားပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့သော အခြေအနေမျိုး မရောက်ရှိရန်အတွက် မဲစာရင်းများမှားယွင်းမှုကို ဖြေရှင်းဆောင်ရွက်ပေးရန် ဖိတ်ခေါ်ဆောင်ရွက်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဆွေးနွေးရန်လက်ခံမှု မရှိခဲ့ဘဲ မျက်ကွယ်ပြုခဲ့ကြောင်း။
- ထို့ကြောင့် ရွေးကောက်ပွဲကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမှုများ မပြုလုပ်နိုင်ခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးရန်မဖြစ်နိုင်ကြောင်း၊ ဥပဒေကြောင်းအရသာ ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း။
- မဲစာရင်းမှားယွင်းမှုအပေါ် နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့သော အခြေအနေများကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးအရဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည်ငြိမ်ရန် ခက်ခဲနေမည်ဖြစ်ကြောင်း။
- မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာ ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လုပ်ဆောင်လာပါက အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်မှ ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက်ခြင်းမျိုးမရှိဘဲ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။
- ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်၍ ထိန်းသိမ်းမှုများလုပ်ဆောင်နိုင်ခဲ့သော်လည်း ဩဂုတ်လ ဒုတိယပတ်မှစ၍ ပိုးတွေ့လူနာ ၁၀ ဦးနှင့် ၂၀ ဦးအကြားတွေ့ရှိနေရသဖြင့် ပြင်ဆင်ရန်လိုအပ်သည်များကို ပြင်ဆင်ထားရန်လိုကြောင်း။

ထို့နောက် ကောင်စီအဖွဲ့ဝင်များက ပြည်ပဩဇာခံများ၊ အမျိုးသားရေးသစ္စာဖောက်များနှင့် နိုင်ငံတော်သစ္စာဖောက်မှု


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြနေမှု**

များကို ထိရောက်စွာအရေးယူနိုင်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေး၊ နိုင်ငံအတွင်း ကုန်ဈေးနှုန်းနှင့် လောင်စာဆီဈေးနှုန်း တည်ငြိမ်မှုမရှိစေရန် ဆောင်ရွက်နေသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရေး၊ ဘာသာရေးကို အကြောင်းပြု၍ လှည့်လည်စည်းရုံးဟောပြောလှုံ့ဆော်မှုများကို ထိန်းသိမ်းဆောင်ရွက်ရေး၊ နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများချုပ်ငြိမ်းရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများ၊ နိုင်ငံအတွင်း ငွေကြေးတန်ဖိုး တည်ငြိမ်ရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သမိုင်းဝင် ပုဂ္ဂိုလ်အထိမ်းအမှတ်မော်ကွန်းဥပဒေတွင် ပြင်ဆင်ဖြည့်စွက်သင့်သည့်အချက်များကို အကြံပြုဆွေးနွေး တင်ပြခဲ့ပါသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က–

- လူငယ်ရေးရာကော်မတီများဖွဲ့စည်းမှုနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- ပြည်တွင်းနိုင်ငံခြားငွေကြေး လဲလှယ်နှုန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ ဘဏ်အားလုံး၏ ဝင်ငွေထွက်ငွေအခြေအနေ၊ နိုင်ငံခြားကုန်သွယ်မှု ဝင်ငွေထွက်ငွေအခြေအနေတို့အပေါ်တွင် မူတည်ကာ ဗဟိုဘဏ်က တွက်ချက်သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ဝိသမလောဘသားများ ဈေးကစားခြင်းကြောင့် ငွေကြေးတည်ငြိမ်မှုမရှိခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း စီးပွားရေးကျဆင်းမှုများ တွေ့ကြုံနေကြရကြောင်း၊ အရန်ငွေကြေးနည်းပါးသည့် မိမိတို့နိုင်ငံအတွက်လည်း ထိခိုက်မှုများရှိကြောင်း၊ သို့သော် လက်ရှိကုန်သွယ်မှုစနစ်အရ ပြဿနာမရှိနိုင်ကြောင်း။
- စက်သုံးဆီနှင့်ပတ်သက်၍ ယခုလကုန်အထိ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ဝယ်ယူထားပြီးဖြစ်သည့် စက်သုံးဆီတင် သင်္ဘောများလည်း မကြာမီဆိုက်ရောက်မည် ဖြစ်ကြောင်း၊ ထို့ပြင်ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် စက်သုံးဆီများ ယခုလကုန်ပြီး မကြာမီဝင်ရောက်လာမည်ဖြစ်ပြီး ဆက်တိုက်ဝင်ရောက်လာမည်ဖြစ်ကြောင်း။
- ထို့ကြောင့် စက်သုံးဆီနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ရန်မလိုကြောင်း၊ စက်သုံးဆီဈေးနှုန်းနှင့်ပတ်သက်၍ ကုန်သည်များ ဈေးကစားနေခြင်းသာဖြစ်ကြောင်း၊ သတ်မှတ်ချက်အတိုင်း ရောင်းချပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။
- မိမိတို့တာဝန်ယူသည့် တစ်နှစ်ခွဲကာလအတွင်း အခက်အခဲမျိုးစုံကို ဖြတ်ကျော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုလာမည့် ၆ လတာ ကာလအတွင်း နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး ဦးမော့လာအောင် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။
- အဆိုပါ ၆ လတာကာလသည် အရှိန်အဟုန်ဖြင့် မောင်းနှင်ဆောင်ရွက်ရမည့် ကာလဖြစ်ကြောင်း၊ စီးပွားရေးဦးမော့လာပြီး နိုင်ငံရေးတည်ငြိမ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုအတွက် ငြိမ်းချမ်းရေးကိုလည်း ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၇-၈-၂၀၂၂)**

- တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး အတွက် ရန်ပုံငွေများကို ထုတ်ပေးခဲ့။
- နိုင်ငံတစ်ခု၏ စီးပွားရေးသည် နိုင်ငံရေးနှင့်ဆက်စပ်လျက်ရှိသောကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအား ကောင်းမွန်ရန် လိုအပ်ကြောင်း၊ စီးပွားရေးဟုဆိုရာတွင် ထုတ်လုပ်မှုအပိုင်းနှင့် ကုန်သွယ်မှုအပိုင်းဟူ၍ နှစ်မျိုးရှိပြီး ပစ္စည်းရှိမှသာ ကုန်သွယ်မှုပြုနိုင်မည်ဖြစ်။
- ထုတ်ကုန်များတိုးမြှင့်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက် အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရေအတွက်ပိုမိုထုတ်လုပ်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက် ရန်လို။
- နိုင်ငံရေးနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုရေးနှင့် နိုင်ငံရေးကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတည် ငြိမ်လာပြီး ဆောင်ရွက်လိုသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မည်ဖြစ်။
- မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်မှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်။
- လူမှုစီးပွားနှင့်ပတ်သက်၍ အမျိုးသားရေးရည်မှန်းချက်နှစ်ခုမှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးပင်ဖြစ်။
- နောက်ဆုံးဆွေးနွေးခဲ့သည့် SSPP အပါအဝင် အဖွဲ့ ၁၀ ဖွဲ့နှင့် မိမိတို့ဆွေးနွေးခဲ့ပြီး အားလုံးအောင်မြင်၊ ပါတီစုံ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အာဏာကိုပေးထားသည့် ပြည်ထောင်စုတည်ဆောက် ရေးကို လက်ခံလားမေးရာ အကုန်လက်ခံ၊ မိမိတို့ဒုတိယအကြိမ်အဖြစ် ဩဂုတ်လထဲတွင် ပြန်တွေ့ဖို့ ကြိုးစားနေ။
- မဲစာရင်းများယွင်းမှုအပေါ် နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက် ခဲ့ခြင်းကြောင့် ယခုကဲ့သို့သော အခြေအနေများကို ရောက်ရှိလာခြင်းဖြစ်၊ နိုင်ငံရေးကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည် ငြိမ်ရန် ခက်ခဲနေမည်ဖြစ်။
- မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာဖြေရှင်းဆောင်ရွက်မည်ဖြစ်၊ နိုင်ငံရေးအရ ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လုပ်ဆောင်လာပါက အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်သွားမည် ဖြစ်၊ မိမိတို့ဘက်မှ ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက်ခြင်းမျိုးမရှိဘဲ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင် ရွက်လျက်ရှိ။
- စက်သုံးဆီနှင့်ပတ်သက်၍ ယခုလကုန်အထိ လုံလောက်စွာရှိပြီးဖြစ်၊ ဝယ်ယူထားပြီးဖြစ်သည့် စက်သုံးဆီ တင် သင်္ဘောများလည်း မကြာမီဆိုက်ရောက်မည်ဖြစ်၊ ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် စက်သုံးဆီများ ယခု လကုန်ပြီး မကြာမီ ဝင်ရောက်လာမည်ဖြစ်ပြီး ဆက်တိုက်ဝင်ရောက်လာမည်ဖြစ်။
- စက်သုံးဆီ ဈေးနှုန်းနှင့်ပတ်သက်၍ ကုန်သည်များ ဈေးကစားနေခြင်းသာဖြစ်၊ သတ်မှတ်ချက်အတိုင်း ရောင်းချ ပေးရန် ညွှန်ကြားထားပြီးဖြစ်။
- ယခုလာမည့် ၆ လတာကာလအတွင်း နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးဦးမော့လာအောင် ဦးတည်ဆောင်ရွက် လျက်ရှိ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer ကို ဩဂုတ်လ ၁၇ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာသည် မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက ရန်ကုန်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့၌ အသီးသီးကြိုဆိုခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီရုပ်မြင်သံကြား ၁၇-၈-၂၀၂၂)**



**နိုင်ငံတော်ဝန်ကြီးချုပ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံနေမှု**



**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနေမှု**

- **နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံ ဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer ကို နေပြည်တော်ရှိ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး ကျန်းမာပျော်ရွှင်လျက်ရှိ



ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး ၁ စီးအား ဇူလိုင်လ ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိပါသည်။

ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်နှင့် ကိုက်ညီပါသည်။

ဆင်ဖြူတော်ကလေးမှာ ယခုအသက် ၂၅ ရက်သားတွင် အရပ်အမြင့် ၂ ပေ ၆ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၂ လက်မခွဲ၊ ကိုယ်အလေးချိန် ၂၀၀ ပေါင်ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၈-၂၀၂၂)**

- **ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက် အနက် ၇ ချက်နှင့် ကိုက်ညီ၍ ယခုအသက် ၂၅ ရက်သားတွင် အရပ်အမြင့် ၂ ပေ ၆ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၂ လက်မခွဲ၊ ကိုယ်အလေးချိန် ၂၀၀ ပေါင်ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ။**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေနှင့်အညီ အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ သတင်းထုတ်ပြန်ထားရှိပါသည်။

## သတင်းထုတ်ပြန်ချက်

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေ ခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့်တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**(မြဝတီသတင်းစာ ၁၅-၈-၂၀၂၂)**

- **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်။**
- **အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်။**

## ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် နိုင်ငံရေးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံရေးပင်စင်များ ချီးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)အရ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက ဥပဒေအရ ရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ပေးလျက်ရှိပါသည်။

ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံရေးရာထူးရရှိခဲ့သူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအတွက် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ပြုနိုင်ရန် တင်ပြလျှောက်ထားလာမှုများအား သက်ဆိုင်ရာဌာနများနှင့် လွှတ်တော်ရုံးများက လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလာမှုအပေါ် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် နိုင်ငံရေးရာထူးရရှိခဲ့သူ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်(၉)ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်(၅၀)ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅၂)ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၈၈)ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၉၂)ဦး၊ စုစုပေါင်း(၄၉၁)ဦးအား တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်များကို ခံစားခွင့်ပြုခဲ့ပြီးဖြစ်သည်။

ထိုသို့ချီးမြှင့်ခဲ့သည့် နိုင်ငံရေးရာထူးရရှိခဲ့ကြသူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်(၄၉၁)ဦးမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီမှ (၅)ဦး၊
(ခ) တအောင်း(ပလောင်)အမျိုးသားပါတီမှ(၆)ဦး၊
(ဂ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ (၉၈)ဦး၊
(ဃ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ(၂၁၇)ဦး၊
(င) ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ (၄၃)ဦး၊
(စ) လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ(၃)ဦး၊
(ဆ) ရခိုင်အမျိုးသားပါတီမှ (၃၉)ဦး၊
(ဇ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီနှင့် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့မှ (၄) ဦးစီဖြင့် စုစုပေါင်း(၈)ဦး၊

(ဈ) မွန်အမျိုးသားပါတီနှင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီတို့မှ (၂)ဦးစီ ဖြင့် စုစုပေါင်း (၄)ဦး၊

(ည) ဒီမိုကရေစီပါတီသစ်(ကချင်) ကရင်ပြည်သူ့ပါတီ၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဒီမိုကရက်တစ်ပါတီမြန်မာ၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ “ဝ” ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ (၁) ဦးစီဖြင့် စုစုပေါင်း(၁၂)ဦး၊

(ဋ) နိုင်ငံရေးပါတီဝင်မဟုတ်သူ (၄၃)ဦး၊

(ဌ) တစ်သီးပုဂ္ဂလ (၁၃)ဦး။

၎င်းတို့အား တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ခဲ့ရာ ယနေ့ထိ ငွေကျပ်သန်းပေါင်း (၄,၀၄၀)သန်းကျော်အား ခံစားခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာက သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၈-၂၀၂၂)**

- **ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံရေးရာထူးရရှိခဲ့သူ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်(၉)ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်(၅၀)ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅၂)ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၈၈)ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၁၉၂)ဦး၊ စုစုပေါင်း(၄၉၁)ဦးအား တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်များကို ခံစားခွင့်ပြုခဲ့။**
- **၎င်းတို့အား တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ခဲ့ရာ ယနေ့ထိ ငွေကျပ်သန်းပေါင်း (၄,၀၄၀)သန်းကျော်အား ခံစားခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိ။**

## မြန်မာ-ရုရှားခရီးသွားလုပ်ငန်း ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားခရီးစဉ်အတွင်း ရုရှားနိုင်ငံသားများကို ဗီဇာကင်းလွတ်ခွင့်ပေးခဲ့သဖြင့် ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရန်အတွက် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာပြီဖြစ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် အလားအလာကောင်းမွန်သော ရုရှားခရီးသွားဈေးကွက်ကိုရရှိနိုင်ရန် ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ရုရှားနိုင်ငံ၊ မော်စကိုမြို့၌ကျင်းပမည့် ခရီးသွားလုပ်ငန်းပြပွဲသို့ ပါဝင်ပြသနိုင်ရေး သံရုံးများနှင့် ချိတ်ဆက်ကာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာန၏ website နှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ စာစောင်များတွင်လည်း ရုရှားဘာသာဖြင့် ထုတ်ဝေခြင်း၊ လွှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ရုရှားနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ဩဂုတ်လ ၁၅ ရက်တွင် ပြင်ဦးလွင်မြို့၊ ရွှေနန်းထိုက်ဟိုတယ်၌ ရုရှားဘာသာစကားသင်တန်းအား ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား(၅၀)တက်ရောက်ကြမည်ဖြစ်ပြီး (၆) လကြာ သင်ကြားပေးသွားမည်ဖြစ်ပါသည်။

အလားတူ ရန်ကုန်မြို့၊ အင်းလျားကန်ဟိုတယ်၌လည်းကောင်း၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌လည်းကောင်း ရုရှားဘာသာစကားသင်တန်းများအား ထပ်မံဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ သင်တန်းကာလအတွင်း သင်တန်းသား၊ သင်တန်းသူများကို ပုံမှန်အကဲဖြတ်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ထူးချွန်သူများကို အဆင့်ဆင့်ထပ်မံ၍ လေ့လာသင်ယူနိုင်စေရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၈-၂၀၂၂)**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့၌ ရုရှားဘာသာစကား(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အမှာစကားပြောကြားနေမှု

- ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် အလားအလာကောင်းမွန်သော ရုရှားခရီးသွားဈေးကွက်ကို ရရှိနိုင်ရန် ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ရုရှားနိုင်ငံ၊ မော်စကိုမြို့၌ကျင်းပမည့် ခရီးသွားလုပ်ငန်းပြပွဲသို့ ပါဝင်ပြသနိုင်ရေး သံရုံးများနှင့် ချိတ်ဆက်ကာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်။
- ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ရုရှားနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရန်ရည်ရွယ်၍ ပြင်ဦးလွင်မြို့၊ ရွှေနန်းထိုက်ဟိုတယ်၌လည်းကောင်း၊ ရန်ကုန်မြို့၊ အင်းလျားကန်ဟိုတယ်၌လည်းကောင်း၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌လည်းကောင်း ရုရှားဘာသာစကားသင်တန်းများအား ဖွင့်လှစ်ပေးခဲ့။

## စက်သုံးဆီနှင့်ပတ်သက်ပြီး လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလသတင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

စက်သုံးဆီနှင့်ပတ်သက်ပြီး လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလသတင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အောက်ပါအတိုင်း ဖြေကြားထားပါသည်-

- ဩဂုတ်လ ၁၃ ရက်မှစ၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် စက်သုံးဆီ ပြတ်လပ်မှုများဖြစ်ပေါ်နေသည်ဟူသော ကောလာဟလသတင်းများ ထွက်ပေါ်လျက်ရှိကြောင်း။
- အထူးသဖြင့် မန္တလေးမြို့တွင် ဩဂုတ်လ ၁၄ ရက်က ပုံမှန်ရောင်းချပေးလျက်ရှိသည့် ကုမ္ပဏီကြီးများ၏ ဆီဆိုင်များ၌ပင် ကောလာဟလများကြောင့် စက်သုံးဆီကို စုပြုံပြီး ဝယ်ယူကြသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့သည့်အပြင် သတင်းမရသည့် စက်သုံးဆီဆိုင်အချို့တွင်လည်း စက်သုံးဆီကို ဈေတာပြီးရောင်းခြင်း၊ ဆီကုန်သွားပြီဟု ပြောဆိုခြင်းများ ရှိခဲ့ကြောင်း။
- ထို့ကြောင့် ကုမ္ပဏီကြီးများ၏ ဆီဆိုင်အချို့တွင် စုပြုံပြီး ဝယ်ယူကြသည့်အတွက် စက်သုံးဆီ ပြတ်လပ်သည့် ပုံစံမျိုးဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့၌ အရန်စက်သုံးဆီများရှိပြီး ချက်ချင်းပြန်လည်ဖြည့်ဆည်းပေးလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် စက်သုံးဆီကိစ္စနှင့်ပတ်သက်ပြီး စိုးရိမ်မှုမရှိရန် လိုအပ်ကြောင်း။




- ဩဂုတ်လ ၁၄ ရက်က သီလဝါဆိပ်ကမ်း၌ စက်သုံးဆီတင်သင်္ဘောတစ်စင်း၊ ဩဂုတ်လ ၁၅ ရက်တွင် စက်သုံးဆီတင်သင်္ဘောလေးစင်း ဆိုက်ကပ်ပြီး စက်သုံးဆီများချခဲ့ကြောင်း။
- ဩဂုတ်လ ၁၅ ရက်တွင် 92, 95 , Dieselနှင့် Premium Diesel စုစုပေါင်းတန်ချိန် ၆၀,၀၀၀ ခန့်ချခဲ့ရာ ဂါလန် ၁၃ သိန်းခန့်ရှိကြောင်း၊ 92 တန်ချိန် ၂၇,၀၀၀ ကျော်၊ 95 တန်ချိန် ၃,၀၀၀ ကျော်၊ Diesel တန်ချိန် ၆,၀၀၀ ကျော်နှင့် Premium Diesel တန်ချိန် ၂၂,၀၀၀ ကျော်ကို ဆိပ်ကမ်းတွင် တစ်ပြိုင်တည်း ချခဲ့ကြောင်း။
- ဩဂုတ်လ ၁၈ ရက်တွင် စက်သုံးဆီတန်ချိန် ၂၀,၀၀၀ ခန့်နှင့် ဩဂုတ်လ ၁၉ ရက် တွင် စက်သုံးဆီတန်ချိန် ၂၃,၀၀၀ ခန့်ထပ်ပြီး ဝင်ရောက်လာရန်ရှိပြီး နောက်ပိုင်းတွင်လည်း စက်သုံးဆီတင်သင်္ဘော ၁၂ စင်းခန့် ထပ်ပြီးဝင်ရောက်လာရန်ရှိကြောင်း။
- ကောလာဟလများ ထုတ်လွှင့်ပြီး ပြည်သူလူထုကို စိုးရိမ်မှုဖြစ်ပေါ်စေရန်နှင့် စက်သုံးဆီဆိုင်များတွင် သိုလှောင်နိုင်သည့် ပမာဏထက် စုပြုံဝယ်ယူမှုဖြစ်စေရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။
- ကမ္ဘာတစ်ဝန်းလုံးတွင် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်ပြီး အခွန်များကို လျှော့ပေါ့ပေးလျက်ရှိသည့်အပြင် စက်သုံးဆီဝယ်ယူတင်သွင်းနိုင်ရန်အတွက် နိုင်ငံခြားငွေရောင်းချပေးနေမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံများတွင် ရောင်းချပေးလျက်ရှိသည့် စက်သုံးဆီဈေးနှုန်းမှာ မိမိတို့နိုင်ငံတွင် ရောင်းချလျက်ရှိသည့် ဈေးနှုန်းထက် ပိုပြီးမြင့်တက်နေသည်ကို နှိုင်းယှဉ်ကြည့်ပါက သိရှိနိုင်ကြောင်း၊ လက်ရှိတွင် သီလဝါဆိပ်ကမ်း၌ စက်သုံးဆီများ ချလျက်ရှိပြီး အရန်စက်သုံးဆီများရှိသည့်အပြင် နောက်ထပ်ဝင်ရောက်လာမည့် စက်သုံးဆီတင်သင်္ဘောများလည်းရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် စားဝတ်နေရေးတို့နှင့်ပတ်သက်ပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၆-၈-၂၀၂၂)**

- **ဩဂုတ်လ ၁၄ ရက်က သီလဝါဆိပ်ကမ်း၌ စက်သုံးဆီတင်သင်္ဘောတစ်စင်း၊ ဩဂုတ်လ ၁၅ ရက်တွင် စက်သုံးဆီတင်သင်္ဘောလေးစင်း ဆိုက်ကပ်ပြီး စက်သုံးဆီများ ချခဲ့။**
- **ဩဂုတ်လ ၁၅ ရက်တွင် 92, 95 , Dieselနှင့် Premium Diesel စုစုပေါင်းတန်ချိန် ၆၀,၀၀၀ ခန့်ချခဲ့ရာ ဂါလန်အားဖြင့် ၁၃ သိန်းခန့်ရှိ။**
- **ဩဂုတ်လ ၁၈ ရက်တွင် စက်သုံးဆီတန်ချိန် ၂၀,၀၀၀ ခန့်နှင့် ဩဂုတ်လ ၁၉ ရက်တွင် စက်သုံးဆီတန်ချိန် ၂၃,၀၀၀ ခန့် ထပ်ပြီး ဝင်ရောက်လာရန်ရှိပြီး နောက်ပိုင်းတွင်လည်း စက်သုံးဆီတင်သင်္ဘော ၁၂ စင်းခန့် ထပ်ပြီးဝင်ရောက်လာရန်ရှိ။**

- ကမ္ဘာတစ်ဝန်းလုံးတွင် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီနှင့် ပတ်သက်ပြီး အခွန်များကို လျှော့ပေါ့ပေးလျက်ရှိသည့်အပြင် စက်သုံးဆီဝယ်ယူတင်သွင်းနိုင်ရန်အတွက် နိုင်ငံခြားငွေရောင်းချပေးနေမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိ။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများ အားကစားပြိုင်ပွဲတွင် မြန်မာ့တပ်မတော် ဝင်ရောက်ယှဉ်ပြိုင်




ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd CISM World Cadet Games)တွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

မြန်မာ့တပ်မတော်ကိုယ်စားပြု ဗိုလ်လောင်းများသည် အားကစားပြိုင်ပွဲတွင် အားကစားအမျိုးအစား ၇ မျိုးရှိသည့်အနက် ၃ မျိုးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရိုင်ဖယ်သေနတ်ပစ် တစ်ဦးချင်း အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆု၊ ရိုင်ဖယ်သေနတ်ပစ် အသင်းလိုက် အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆု၊ ပစ္စတိုသေနတ်ပစ် တိကျပစ်ခတ်ခြင်း အသင်းလိုက်ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုနှင့် ပစ္စတိုသေနတ်ပစ်အသင်းလိုက် အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆု အသီးသီးရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ ရှိသည့်အနက်တွင် နိုင်ငံအလိုက်အဆင့် ၈ နေရာရရှိခဲ့ပါသည်။

တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd CISM World Cadet Games) တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဗိုလ်လောင်းများနှင့် အုပ်ချုပ်သူနည်းပြအရာရှိများသည် ဩဂုတ်လ ၁၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၈-၂၀၂၂)**

- **ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd CISM World Cadet Games)တွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ဗိုလ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ဆု ၁ ခု၊ ငွေတံဆိပ်ဆု ၁ ခု၊ ကြေးတံဆိပ်ဆု ၂ ခုအသီးသီးရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ ရှိသည့်အနက် နိုင်ငံအလိုက်အဆင့် ၈ နေရာ ရရှိခဲ့။**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများ အားကစားပြိုင်ပွဲတွင် မြန်မာ့တပ်မတော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











## လေးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တန်ချိန် တစ်သိန်းကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရရှိပြီးဖြစ်

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန် ၁၀ မျိုးကို အဓိက တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် လေးလတာကာလအတွင်း ရေထွက်ကုန်တန်ချိန် တစ်သိန်းကျော်တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရရှိပြီးဖြစ်ပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ လေးလတာကာလ အတွင်း ပြည်ပသို့-

- ငါးတင်ပို့မှုအနေဖြင့် ၈၀,၃၃၄ ဒသမ ၄၂၃ တန်ရှိပြီး အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၅၈၄ သန်း။
- ပုစွန်တင်ပို့မှုအနေဖြင့် ၄,၈၈၆ ဒသမ ၆၅၂ တန်ရှိပြီး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၁၁ သန်း။
- အခြားရေထွက်ကုန်တင်ပို့မှုအနေဖြင့် ၃၃,၀၆၃ ဒသမ ၆၀၈ တန်ရှိပြီး အမေရိကန် ဒေါ်လာ ၉၁ ဒသမ ၃၇၉ သန်း။
- စုစုပေါင်းရေထွက်ကုန် ၁၁၈,၂၈၄ ဒသမ ၆၈၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၀၇၄ သန်းရရှိခဲ့။
- ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူက ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၂၀၀ ဒသမ ၂၇၆ သန်း ရရှိခဲ့သောကြောင့် ယခုဘဏ္ဍာနှစ် လေးလတာကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၉၈ သန်းပိုမိုရရှိခဲ့။

ပြည်တွင်းမှ ရေထွက်ကုန်များကို လေကြောင်းကုန်သွယ်မှုနှင့် ရေကြောင်းကုန်သွယ်မှုတို့အပြင် နယ်စပ်ကုန်သွယ်ရေးတို့မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ ပြည်ပသို့တင်ပို့သည့် ရေထွက်ကုန်များတွင် ငါးတံခွန်၊ ငါးမြစ်ချင်း၊ ကဏန်းအရှင်၊ ငါးရှဉ့်အရှင်၊ ငါးသလောက်၊ ကဏန်းပျော့၊ ရွှေငါးနှင့် တိရစ္ဆာန်အစာအဖြစ်အသုံးပြုသည့် ငါးပေါင်းစုံကို အမှုန့်လုပ်ထားသော ငါးပေါင်းမှုန့်များပါဝင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၈-၂၀၂၂)**

- **၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ပထမလေးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် တန်ချိန် ၁၁၈,၂၈၄ ဒသမ ၆၈၃ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၀၇၄ သန်း ရရှိခဲ့။**
- **ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၉၈ သန်း ပိုမိုရရှိခဲ့။**

## ကော့ကရိတ်မြို့နယ်အတွင်း KKO ခွဲထွက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များက အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်

အကြမ်းဖက်အဖွဲ့များသည် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော စခန်းအချို့အား လက်နက်အင်အားလူအင်အား အလုံးအရင်းဖြင့် အလစ်အငိုက်ရယူကာ စီးနင်းဝင်ရောက်တိုက်ခိုက်ခြင်းများလုပ်ဆောင်လျက်ရှိပါသည်။

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြို့အထွက်ရှိ ခင်နိမ်းမူဂိတ်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့အား ဩဂုတ်လ ၁၅ ရက်တွင် အရပ်ဝတ်များ ဝတ်ဆင်ထားသည့် KKO ခွဲထွက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များသည် မော်တော်ယာဉ်များဖြင့် လာရောက်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအနီးရှိ မြို့နယ်ဥပဒေရုံးအတွင်းသို့ ဝင်ရောက်၍ စာရွက်စာတမ်းများအား မီးရှို့ဖျက်ဆီးပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအကြမ်းဖက်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံချေမှုန်းတိုက်ခိုက်လျက်ရှိကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၈-၂၀၂၂)**

- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့ရှိ ခင်နိမ်းမူဂိတ်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့အား KKO ခွဲထွက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များသည် မော်တော်ယာဉ်များဖြင့် လာရောက်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့။

# မြင်းမူမြို့နယ်ရှိ PDF အကြမ်းဖက်သမားများက ခရီးသည်တင် မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်

ဩဂုတ်လ ၁၂ ရက်တွင် ရန်ကုန်မြို့မှ မုံရွာမြို့သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား PDF အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ဝွေးပင်တောကျေးရွာအနီး၌ ဒေသန္တရလက်လုပ်မိုင်း ၂ လုံးဖြင့် အကြောင်းမဲ့ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ယာဉ်၏ ဘေးဘယ်၊ ညာမှန်များ ကွဲကြေပျက်စီးခဲ့ပြီး ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် သံဃာတော် ၂ ပါးနှင့် အမျိုးသား ၁ ဦးတို့ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည့်အပြင် အဆိုပါနေရာသို့ PDF အကြမ်းဖက် အဖွဲ့ဝင် ၁၀ ဦးခန့် ရောက်ရှိလာပြီး တိုက်ခိုက်ခြင်းခံရသည့် မော်တော်ယာဉ်မှ ဝန်ထမ်း ၄ ဦး၊ ခရီးသည် ၁၁ ဦးအား အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများသည် NUG အဖွဲ့၏စေခိုင်းချက်အရ ပြည်သူလူထုအပေါ် အကြောက်တရားဖြင့် လွှမ်းမိုးလျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် အပြစ်မဲ့ပြည်သူများအား ရက်ရက်စက်စက် လက်နက်အားကိုးဖြင့် အကြောင်းမဲ့သက်သက် ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများအား ရက်စက်စွာ လုပ်ဆောင်လျက်ရှိပါသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများ အမြန်ဆုံးပြန်လည်လွတ်မြောက်နိုင်ရေးနှင့် အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်သူများအားဖမ်းဆီး၍ ဥပဒေအရအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေပိတ်ဆို့စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၈-၂၀၂၂)**





**မြင်းမူမြို့နယ်၊ ဝွေးပင်တောကျေးရွာအနီး အကြမ်းဖက်သမားများက ခရီးသည်ယာဉ်အား မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် သံဃာတော် ၂ ပါး**

- စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ဝွေးပင်တောကျေးရွာအနီး၌ PDF အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်တစ်စီးကို ဒေသန္တရလက်လုပ်မိုင်း ၂ လုံးဖြင့် အကြောင်းမဲ့ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် သံဃာတော် ၂ ပါးနှင့် အမျိုးသား ၁ ဦးတို့ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့။

- **PDF အကြမ်းဖက်အဖွဲ့ဝင် ၁၀ ဦးခန့်က တိုက်ခိုက်ခြင်းခံရသည့် မော်တော်ယာဉ်မှ ဝန်ထမ်း ၄ ဦး၊ ခရီးသည် ၁၁ ဦး အား အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားခဲ့။**

## ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်လျက်ရှိသည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိ

ဧရာဝတီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက်သတ်ဖြတ်ခြင်းမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများ၏ သတင်းပေးပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့မှ မြန်အောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် ဝေပိုင်ဖြိုး (၃၃) နှစ်နှင့် ၎င်း၏ဇနီးဖြစ်သူ စံပယ်အောင်အောင် (၃၄) နှစ်တို့ တရားခံ ၂ ဦးအား မြန်အောင်မြို့နယ်၊ အင်ပင်မြို့၊ ကညင်ငူ ကျေးရွာရှိ ၎င်းတို့၏နေအိမ်၌ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံဝေပိုင်ဖြိုး၏ ထွက်ဆိုချက်အရ-

- ၎င်းသည် ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် မြန်အောင်မြို့ပေါ်၌ ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခဲ့သဖြင့် ဟင်္သာတအကျဉ်းထောင်၌ ထောင်ဒဏ် ၄ လ ပြစ်ဒဏ်ကျခံခဲ့ရပြီး အဆိုပါ ပြစ်ဒဏ်ကျခံခဲ့ရမှုမှာ ၎င်းနှင့်တစ်ရွာတည်းနေထိုင်သည့် ပြည်ခိုင်ဖြိုး ပါတီဝင်းရုံသူ ဒေါ်သန္တာစိုးမှ တိုင်ကြားခဲ့ခြင်းကြောင့်ဟုယူဆကာ ပုဂ္ဂိုလ်ရေးအရ တစ်ဖက်သတ်ရန်ငြိုးထားခဲ့ကြောင်း။
- နိုင်ငံတော်အစိုးရ၏ ပြစ်ဒဏ်ဖြေလျှော့ပေးမှုများဖြင့် ထောင်မှ ပြန်လည်လွတ်မြောက်လာချိန်တွင် ရိုးမရောအမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံဇင်မျိုးအောင် (ခ) ဇော်မျိုးအောင် (ခ)သားပေါက်နှင့် ဆက်သွယ်ကာ ဒေါ်သန္တာစိုးအပါအဝင် ပုဂ္ဂိုလ်ရေးအရမကျေနပ်သူ အပြစ်မဲ့ပြည်သူ ၆ ဦး၏ အမည်စာရင်းအားပေး၍ ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ရန် သတင်းပေးခိုင်းစေခဲ့ကြောင်း။
- ၎င်း၏ဇနီးဖြစ်သူ စံပယ်အောင်အောင်သည် မြန်အောင်မြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း (ဗလန်းစိန်)၌ တာဝန်ထမ်းဆောင်လျက်ရှိရာမှ CDM ပြုလုပ်ကာ မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်နေထိုင်ခဲ့ပြီး ပုဂ္ဂိုလ်ရေးအရ မကျေနပ်သူများအား လုပ်ကြံသတ်ဖြတ်ရန် အကြမ်းဖက်သမားများထံ သတင်းပေးပို့ခဲ့ကြောင်း။
- တရားခံဝေပိုင်ဖြိုးမှလည်း မြန်အောင်မြို့နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာများနှင့် ဆက်ဆံရေးအဆင်ပြေသော အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ရန်အတွက် ရိုးမရောအမည်ခံအကြမ်းဖက်အဖွဲ့မှ ဇင်မျိုးအောင်အား Wave Money မှတစ်ဆင့် ငွေကျပ် ၃ သိန်း လွှဲပြောင်းပေးအပ်ကာ လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများ ကျူးလွန်စေခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်တွင် မြန်အောင်မြို့နယ်၊ ကနောင်နယ်မြေ ရဲစခန်းရှေ့၌ ဇင်မျိုးအောင်နှင့် အဖွဲ့တို့ ၂ ဦးသည် လက်လုပ်မိုင်း ၁ လုံးအား ဖောက်ခွဲခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ပစ္စတိုဖြင့် ပစ်ခတ်ခဲ့ကြောင်းနှင့် ဩဂုတ်လ ၆ ရက်တွင် ပြည်ခိုင်ဖြိုးပါတီဝင်းရုံသူ ဒေါ်သန္တာစိုးအား ဇင်မျိုးအောင်နှင့် ငြိမ်းခန့်လင်းတို့ ၂ ဦးမှ ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်း အသိပေးသတင်းထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၁၆-၈-၂၀၂၂)**



တရားခံ ဝေပိုင်ဖြိုး



တရားခံ စံပယ်အောင်အောင်



မြန်အောင်မြို့နယ်၊ ကညင်ငူကျေးရွာ၌ ပြည်ခိုင်ဖြိုးပါတီဝန်းရံသူ ဒေါ်သန္တာစိုးအား အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့မှု



မြန်အောင်မြို့နယ်၊ ကနောင်နယ်မြေရဲစခန်းရှေ့၌ ရဲတပ်ဖွဲ့ဝင် ၁ ဦးအား အကြမ်းဖက်သမားများက ပစ္စတိုဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့မှု



မြန်အောင်မြို့နယ်၊ ကနောင်နယ်မြေရဲစခန်းရှေ့၌ အကြမ်းဖက်သမားများက လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့မှု

- ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့မှ မြန်အောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် ဝေပိုင်ဖြိုးနှင့် ၎င်း၏ဇနီးဖြစ်သူ စံပယ်အောင်အောင်တို့ တရားခံ ၂ ဦးအား ဖမ်းဆီးရမိခဲ့။
- အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပြီး သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိ။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တရားခံ ၄ ဦးအား အမိန့်ချမှတ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများ ရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေး အရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ပါသည်။

- ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် နေပြည်တော်ရှိ လရောင်တော စိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်းစီမံကိန်း ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ရာထူးအရှိန်အဝါကို အသုံးပြု၍ ထိုက်သင့်သည့်တန်ဖိုးထက် များစွာလျော့နည်းပေးချေခဲ့သဖြင့် နိုင်ငံတော်မှ ငွေကျပ် ၁၉ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။
- ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် နေထိုင်ရန် အဆောက်အဦနေအိမ်ကို အများပြည်သူမှ ထည့်ဝင်လှူဒါန်းထားသော အလှူငွေများထဲမှ ငွေကျပ် ၁.၆ ဘီလီယံကျော်ကို မလျော်ကြီဖြောအသုံးပြု၍ သုံးစွဲဆောက်လုပ်စေခဲ့ကြောင်း။
- ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း (ရုံးချုပ်)ဖွင့်လှစ်ရန် ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၆၀)ရှိ မြေ ၁.၈၆ ဧကနှင့် အဆောက်အဦတို့ကို လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ပြီး ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ငှားရမ်းဆောင်ရွက်စေခဲ့ခြင်းကြောင့် နိုင်ငံတော်က ငွေကျပ်သန်း ၅,၂၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။
- နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်ဟောင်း ဦးမင်းသူတို့သည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား နေပြည်တော်ရှိ လရောင်တော စိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း စီမံကိန်းဆောင်ရွက်ရန်အတွက် မြေနေရာချပေးခြင်းနှင့် မြေငှားစာချုပ်(ဂရန်) ထုတ်ပေးရာတွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျော်လွှန်၍ ခွင့်ပြုပေးခဲ့ကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ရုံးထိုင်စစ်ဆေးခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်အား ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၁၊ ၄/၂၀၂၁၊ ၅/၂၀၂၁၊ ၂၅/၂၀၂၁ အမှုလေးမှုအတွက် တစ်မှုလျှင် ထောင်ဒဏ်သုံးနှစ်စီဖြင့် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၁၊ ၄/၂၀၂၁၊ ၅/၂၀၂၁ အမှုသုံးမှုအတွက် ထောင်ဒဏ်ကို တစ်ပေါင်းတည်း ကျခံစေရန်၊ ဒေါက်တာမျိုးအောင်အား ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၁၊ ၄/၂၀၂၁ အမှုနှစ်မှုအတွက် ထောင်ဒဏ်သုံးနှစ် တစ်ပေါင်းတည်း ကျခံစေရန်၊ ဦးရဲမင်းဦးအား ရာဇဝတ်ကြီးမှုအမှတ် ၄/၂၀၂၁ အမှုတစ်မှုအတွက် ထောင်ဒဏ်သုံးနှစ်၊ ဦးမင်းသူ ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၁ အမှုတစ်မှုအတွက် ထောင်ဒဏ်သုံးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၈-၂၀၂၂)**

- မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အား အမှုလေးမှုအတွက် တစ်မှုလျှင် ထောင်ဒဏ်သုံးနှစ်စီဖြင့် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး အမှုသုံးမှုအတွက် ထောင်ဒဏ်ကို တစ်ပေါင်းတည်းကျခံစေရန်၊ ဒေါက်တာမျိုးအောင်အား အမှုနှစ်မှုအတွက် ထောင်ဒဏ်သုံးနှစ် တစ်ပေါင်းတည်းကျခံစေရန်၊ ဦးရဲမင်းဦးအား အမှုတစ်မှုအတွက် ထောင်ဒဏ်သုံးနှစ်၊ ဦးမင်းသူအား အမှုတစ်မှုအတွက် ထောင်ဒဏ်သုံးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဩဂုတ်လ ၁၀ ရက်မှ ၁၆ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၉ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၇ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ မွန်ပြည်နယ်၌ ၂ ဦးနှင့် ရှမ်းပြည်နယ်၌ ၂ ဦးစုစုပေါင်း ၂၇ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဩဂုတ်လ ၁၆ ရက်ထိ စုစုပေါင်း ၇၉၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၈-၂၀၂၂)**

- **ဩဂုတ်လ ၁၀ ရက်မှ ၁၆ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၉ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၇ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ မွန်ပြည်နယ်၌ ၂ ဦးနှင့် ရှမ်းပြည်နယ်၌ ၂ ဦးစုစုပေါင်း ၂၇ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဩဂုတ်လ ၁၆ ရက်ထိ စုစုပေါင်း ၇၉၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**